# စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# (မန္တလေးတိုင်းဒေသကြီး)

**( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၀။ )**

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မန္တလေးတိုင်းဒေသကြီး) ဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၆၈ တွင် ပါရှိသော စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ **အနည်းဆုံး ကျပ် ၁၀၀ မှ အများဆုံး ကျပ် ၁၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **အနည်းဆုံး ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) မှ အများဆုံး ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၂ တွင် ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ) မှ အများဆုံး ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၃ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ** ဆိုသည့် စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ိ/- (ကျပ်သုံးသောင်းတိတိ) မှ အများဆုံး ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) အထိ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ** ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) မှ အများဆုံး ကျပ် ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) အထိ** ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၅ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀၀ိ/-**

**(ကျပ်နှစ်သောင်းတိတိ) မှ အများဆုံး ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) အထိ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၆ တွင် ပါရှိသော **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀** ဆိုသည့်စကားရပ်ကို **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၇ တွင် ပါရှိသော **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၁၀၀** ဆိုသည့်စကားရပ်ကို **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၈ တွင်ပါရှိသော **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀** ဆိုသည့် စကားရပ်ကို **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀၀ိ/- (ကျပ်နှစ်သောင်းတိတိ)** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၉ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ) မှ အများဆုံး ကျပ် ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၈၀ (က) တွင်ပါရှိသော **"ထိုသူသည် ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ထိုသူအား ငွေဒဏ်လည်း ချမှတ်နိုင်သည်"** ဆိုသည့် စကားရပ်ကို **"ထိုသူသည် ထောင်ဒဏ် တစ်နှစ်အထိအပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)မှ အများဆုံး ကျပ် ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) အထိ ချမှတ်ခြင်း ခံရမည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့